ORD	Ordinary	228,580	2,339,093,736.00	0.00

Mortgages and Charges

Form / Filing Type	Effective Date
No records available	

Details about all mortgages and charges can be accessed from the Company Profile Filing History at no charge.

Filing History

Form / Filing Type	Effective Date
C-3 | Change to share capital or register of members	29/03/2019
AR | Annual Return	06/03/2019
B-1 | Application for re-registration of a private company limited by shares	02/01/2019

Europe & Asia Beverage Company Limited

List of Shareholders

စဉ်	အစုရှင်များ၏ အမည်	နိုင်ငံသား မှတ်ပုံတင်အမှတ်	အစုရှင်များ၏ နေရပ်လိပ်စာ	ရာခိုင်နှုန်း
၁	ဦးစိန်မြင့်	၁၃/ ကခန (နိုင်) ၀၀၉၉၃၉	အမှတ် ၄(င)၊ ပုဂံလမ်း၊ မြကန်သာအိမ်ယာ၊ (၁၄)ရပ်ကွက်၊ လှိုင်မြို့နယ် ၊ရန်ကုန်တိုင်းဒေသကြီး။	**17.27%**
၂	ဒေါ်သိန်းညွန့်	၁၃/ နမတ (နိုင်) ၀၂၄၈၂၀	အမှတ် ၄(င)၊ ပုဂံလမ်း၊ မြကန်သာအိမ်ယာ၊ (၁၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။	**13.68%**
၃	ဦးဟောင်ရှင်းရှောက် (ခ) ဦးကျော်ဝင်း	၁၃/ လရန (နိုင်) ၀၈၄၁၇၅	အမှတ် (၃၅)၊ ၂၆လမ်း၊ ၆၅လမ်းနှင့်၆၆လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။	**11.15%**
၄	ဒေါ်ရွှေလု	၁၃/ နမတ (နိုင်) ၀၂၄၄၆၉	အမှတ်၂၀(ဃ)၊ ကော့သောင်းလမ်း၊ မြကန်သာအိမ်ယာ၊ (၁၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။	**10.55%**
၅	ဒေါ်အေးခွမ်	၁၃/ နမတ (နိုင်) ၀၂၄၄၇၁	အမှတ် (၅၄၉)၊ ၃၄လမ်း နှင့် ၃၅လမ်း၊ ၈၅လမ်း နှင့် ၈၆လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။	**7.60%**
၆	ဦးကျော်စိန်	၉/ မမန (နိုင်) ၀၇၇၆၉၁	အမှတ် (၉၁)၊ ၂၉ လမ်း၊ ၇၈လမ်းနှင့် ၈၀လမ်း ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။	**7.60%**
၇	ဦးစိုင်းအိုက်ထွန်း	၁၃/ နမတ (နိုင်) ၀၂၂၁၇၈	အမှတ် (၂၁)၊ အေးရိပ်မွန် (၂)လမ်း၊ (၄) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီး။	**7.00%**
၈	ဦးဟောင်ဆင်းရှီ (ဟုန်ရှင်းရှီ)	၇/ မရတ (နိုင်) ၁၀၆၀၇၆	အမှတ် (၄၇၈)၊ ၈၁ လမ်း၊ ၃၄လမ်းနှင့် ၃၅ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။	**4.65%**
၉	ဦးဟောင်ဆင်လုံ (ခ) ကျော်ထွန်း	၉/ မရမ (နိုင်) ၀၄၆၄၄၀	အမှတ် (၄၄၇)၊ ၈၁လမ်း၊ ၃၂လမ်းနှင့် ၃၃လမ်းကြား၊ ချမ်းအေးသာစံ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။	**4.36%**
၁၀	ဒေါ်ခမ်းဆွဲမြ	၁၃/ လရန (နိုင်) ၀၈၈၉၈၃	အမှတ် ၅(ခ)၊ စစ်ကိုင်းလမ်း၊ မြကန်သာအိမ်ရာ၊ (၁၄) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။	**3.29%**

စဉ်	အစုရှင်များ၏ အမည်	နိုင်ငံသား မှတ်ပုံတင်အမှတ်	အစုရှင်များ၏ နေရပ်လိပ်စာ	ရာခိုင်နှုန်း
၁၁	ဦးစောမောင်	၉/ မရမ (နိုင်) ၀၀၁၄၀၄	အမှတ် (၄၄၇)၊ ၈၁လမ်း၊ ၃၂လမ်းနှင့် ၃၃လမ်းကြား၊ ချမ်းအေးသာစံ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။	1.65%
၁၂	ဒေါ်ကွေးချိန်	၉/ မနမ (နိုင်) ၀၇၇၉၇၈	အမှတ် (၁)၊ ဘိုချိုလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။	4.43%
၁၃	ဦးအောင်ထွေး(ခ)ဦးဖေ ဇော်ထွန်းနိုင်	၁၃/ လလန (နိုင်) ၀၀၁၇၀၄	အမှတ် ၄၂(ဃ)၊ ကျွဲဆည်ကန်၊ (၃) လမ်း၊ ပြည်ကြီးတံခွန် မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။	1.64%
၁၄	ဒေါ်ရန်မန်ရီ	၉/ မမန(နိုင်) ၀၃၀၂၁၃	အမှတ် ဏ(၃/၄)၊ ခတ္တာလမ်း၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။	0.94%
၁၅	ဦးစံအောင်	၉/ မနမ (နိုင်) ၁၁၇၄၃၂	အမှတ် ဏ(၁၁၅)၊ သစ်ခွ (၃) လမ်း၊ အကဲ(ဖ)အမ်အိုင် စီးတီး၊ လှိုင်သာယာ မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။	0.91%
၁၆	ဦးရဲမင်းကျော်	၁၃/ နမတ (နိုင်) ၀၂၇၂၃၂	အမှတ် (၅၄၉)၊ ၃၄လမ်းနှင့် ၃၅လမ်း၊ ၈၅လမ်းနှင့် ၈၆လမ်း၊ ချမ်းအေးသာစံ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။	1.38%
၁၇	ဦးစိုးဝင်း	၁၃/ လရန (နိုင်) ၁၁၉၅၁၂	အမှတ် ၁၆(ဃ)၊ ကော့သောင်းလမ်း၊ မြကန်သာ အိမ်ရာ၊ (၁၄) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီ။	1.31%
၁၈	ဦးကျန်ကျင်ကြိမ် (ခ) မြင့်ဆွေ	၁၃/သပန(နိုင်) ၀၀၈၁၁၃	အမှတ် (၁၃၈)၊ သရဖီလမ်း၊ ပန်းတိမ်မြောက်ရပ်ကွက်၊ သီပေါမြို့နယ်၊ ရှမ်းပြည်နယ်။	0.21%
၁၉	ဦးဆိုင်ပန်း (ခ) သန်းထွန်း	၁၃/လရန(နိုင်)၀၀၂၄၈၆	အမှတ်(၅)ရပ်ကွက်၊ နယ်မြေ (၆) ၊ လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ်။	0.36%

EAPC EUROPE & ASIA BEVERAGES CO., LTD.

သို့
<u>အစုရှင်များ</u>
Europe & Asia Beverages Co., Ltd.

အကြောင်းအရာ ။ ။ အစုရှင်များ ၏ အထူးအထွေထွေ အစည်းအဝေးဖိတ်ကြားခြင်း။

Europe & Asia Beverages Co., Ltd. ၏ အစုရှင်များ အထူးအထွေထွေ အစည်းအဝေးကို အောက်ပါ အစီအစဉ် အတိုင်းကျင်းပပြုလုပ်မည်ဖြစ် ၍ ဖိတ်ကြားအပ်ပါသည်။

နေ့ရက်	။	။ ၂၀၁၉ခုနှစ်၊ ___________ လ (___)ရက်
အချိန်	။	။ နံနက် (၁၀း၀၀)နာရီ
နေရာ	။	။ ကုမ္ပဏီရုံးခန်း

<u>ချမှတ်ရန် အထူးဆုံးဖြတ်ချက်များ</u>

၁။ Europe & Asia Commercial Co., Ltd. [ကုမ္ပဏီ မှတ်ပုံတင်အမှတ် - ၁၃၆၆၅၉၀၆၅ (ယခင်ကုမ္ပဏီ မှတ်ပုံတင်အမှတ် ၂၃၀/ ၁၉၉၄-၁၉၉၅)] လက်အောက်တွင်ရှိသော အမှတ် (၆၆/၆၇)၊ ကနောင်မင်းသားကြီးလမ်း နှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ လူနေရပ်ကွက်အမှတ် - စက်မှုဇုန် အပိုင်း (၄)၊ မြေတိုင်းရပ်ကွက် အမှတ် ၆၅ (စက်မှု)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရေသန့် နှင့် အချိုရည် ထုတ်လုပ် ဖြန့်ဖြူးရောင်းချ လျက်ရှိသည့် စက်ရုံအား အဆောက်အအုံ ၊ စက်နှင့် တပ်ဆင်ပစ္စည်းများကို ဝယ်ယူကာ မြေကိုလက်ရှိအမည်ပေါက် ပိုင်ရှင် ဦးစိန်မြင့်ထံမှ အငှါးစနစ်ဖြင့် အသုံးပြု၍ Europe & Asia Beverages Co., Ltd. အနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏သီးခြား ခွင့်ပြုမိန့်ရယူဆောင်ရွက်ခွင့်အတွက် လျှောက်ထားရန်။

၂။ Europe & Asia Commercial Co., Ltd. လက်အောက်တွင်ရှိသော မန္တလေးတိုင်းဒေသကြီးမြေနေရာ(၁၅)ခု (ပူးတွဲ-၂.၁၁(ဃ)) တွင် ရှိသော အချိုရည် ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်း ကိုလည်း အဆောက်အအုံ ၊ စက်နှင့် တပ်ဆင်ပစ္စည်းများကို ဝယ်ယူကာ မြေကိုလက်ရှိ အမည်ပေါက်/ ပိုင်ရှင်များ ထံမှ အငှါးစနစ်ဖြင့် အသုံးပြု၍ Europe & Asia Beverages Co., Ltd. အနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏သီးခြား ခွင့်ပြုမိန့်ရယူဆောင်ရွက်ခွင့်အတွက် လျှောက်ထားရန်။

၃။ အထက် အပိုဒ် (၂) နှင့် (၃) ပါ လုပ်ငန်းများအတွက် တန်ဘိုးသတ်မှတ်ခြင်း၊ စာချုပ်ချုပ်ဆိုဆောင်ရွက်ခြင်း၊ ကုန်အမှတ် တံဆိပ်အသုံးပြုခွင့် လွှဲပြောင်းခြင်းတို့ အတွက် ဆက်လက်ဆောင်ရွက်ရန်။

EABC EUROPE & ASIA BEVERAGES CO., LTD.

၄။ အထက်ပါ ရန်ကုန်နှင့် မန္တလေး ရင်းနှီးမြုပ်နှံမှုများအတွက် အစုရှင်များမှကျပ်သန်း ၃၈,၃၈၃ ရင်းနှီးငွေထည့်ဝင်နိုင်ရန်အတွက် "Europe & Asia Commercial Co., Ltd." ၏ ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ကျပ်သန်း ၁၆,၈၂၇ အမြတ်ဝေစု ခွဲဝေပေးထားရာ လိုအပ်သည့်ကျပ်သန်း ၂၁,၅၅၆ ကို အစုရှင်များ သို့ ထပ်မံခွဲဝေပေးရန် အတွက် ဆုံးဖြတ်ရန်။
("Europe & Asia Commercial Co., Ltd." ၏ အမြတ်ငွေခွဲဝေသည့် စည်းဝေးမှတ်တမ်း ပူးတွဲ)

ဦးကျော်ဝင်းထွန်း
ဒါရိုက်တာ

U Kyaw Win Tun
Director

အစုရှင်များ၏အထူးအစည်းအဝေးမှတ်တမ်း

အစည်းအဝေးကျင်းပသည့်နေ့	-	____________ လ၊ _______ ရက်၊၂၀၁၉
ကျင်းပသည့်အချိန်	-	၁၀:၀၀နာရီ
ကျင်းပသည့်နေရာ	-	ကုမ္ပဏီ၏အစည်းအဝေးခန်း
အစည်းအဝေးတက်ရောက်ကြသူများ	-	အစုရှယ်ယာရှင် နှင့် ဒါရိုက်တာများ အားလုံး

ဆွေးနွေးချက်များ

၁။ Europe & Asia Commercial လုပ်ငန်းစု အတွင်း မှ လုပ်ငန်းတစ်ခု ဖြစ်သည့် Europe & Asia Beverages Co., Ltd. [ကုမ္ပဏီ မှတ်ပုံတင်အမှတ် - ၁၁၃၃၃၃၄၉၉ (ယခင်ကုမ္ပဏီ မှတ်ပုံတင်အမှတ် ၇၂၆/ ၂၀၁၄-၂၀၁၅)]သည် အကွက်အမှတ် (၁၉)၊ ဦးပိုင်အမှတ်-၁၇၀၊ ၁၇၁၊ ၁၇၂/၁၊ ၁၇၅/၁၊ ၁၇၆၊၁၇၇၊ ၁၇၈၊ ၁၇၉/၁၊ ၁၇၉/၂) ဧရိယာ ၂၂.၆၈ ဧကနှင့် ဦးပိုင်အမှတ်- ၁၆၆/၂၊ ၁၆၇၊ ၁၆၈/၂၊ ၁၆၉) ဧရိယာ ၉.၀၉ ဧက (စုစုပေါင်း ဧရိယာ ၃၁.၇၇ ဧက) ဆဲ့နစ်ကိုင်း၊ မြောက်ကိုင်းကျေးရွာ အုပ်စု၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်း ဒေသကြီးတွင် ရည်ညွှန်းချက် ပါ ခွင့်ပြုမိန့် နှင့် ခွင့် ပြုချက်များအရ နို့၊ ပဲနို့ရည် အမျိုးမျိုး၊ ရေသန့်၊ အချိုရည်နှင့် နို့ချဉ်အမျိုးမျိုး ထုပ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ရန် ခွင့်ပြုချက်များရရှိခဲ့ ပြီးဖြစ် ပါသည်။

အဆိုပြုလွှာလုပ်ငန်းများ အကောင်အထည် ဖေါ်ရာတွင် အဆောက်အအုံ တည်ဆောက်မှု လုပ်ငန်း များ နှင့် စက်ပစ္စည်းတင်သွင်းတပ်ဆင်ရေးလုပ်ငန်းများ ပြီးစီး လုနီးဖြစ် ပါသည်။

၂။ Europe & Asia Commercial လုပ်ငန်းစု အတွင်း ဆောင်ရွက် လုပ်ငန်းများကို နည်းပညာ၊ အရည်အသွေး နှင့် ပြည်တွင်း၊ ပြည်ပယှဉ်ပြိုင်နိုင်မှု ပိုမိုအားကောင်းလာနိုင်စေရန် ပြည်ပလုပ်ငန်းများနှင့် ဖက်စပ်ဆောင်ရွက်ခြင်း၊ ပြည်ပ နှင့် ဖက်စပ် ဆောင်ရွက်ခြင်းမပြုဘဲ ကျန်သော လုပ်ငန်းများ ကိုလည်း ဖွဲ့စည်းပုံ နှင့်၊ အုပ်ချုပ်မှုအပါအဝင် စံနစ်တကျ စုဖွဲ့ ပြင်ဆင်ရန် ဆွေးနွေးခဲ့ပါသည်။

အထူးဆုံးဖြတ် ချက်များ

၁။ Europe & Asia Commercial Co., Ltd. [ကုမ္ပဏီ မှတ်ပုံတင်အမှတ် - ၁၃၆၆၅၉၀၆၅ (ယခင်ကုမ္ပဏီ မှတ်ပုံတင်အမှတ် ၂၃၀/ ၁၉၉၄-၁၉၉၅)] လက်အောက်တွင်ရှိသော အမှတ် (၆၆/၆၇)၊ ကနောင်မင်းသားကြီးလမ်း နှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ လူနေရပ်ကွက်အမှတ် - စက်မှုဇုန် အပိုင်း (၄)၊ မြေတိုင်းရပ်ကွက် အမှတ် ၆၅ (စက်မှု)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရေသန့် နှင့် အချိုရည် ထုတ်လုပ် ဖြန့်ဖြူးရောင်းချ လျက်ရှိသည့် စက်ရုံအား အဆောက်အအုံ ၊ စက်နှင့် တပ်ဆင်ပစ္စည်းများကို ဝယ်ယူကာ မြေကိုလက်ရှိအမည်ပေါက် ပိုင်ရှင် ဦးစိန်မြင့်ထံမှ အငှါးစနစ်ဖြင့် အသုံးပြု၍ Europe & Asia Beverages Co., Ltd. အနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏သီးခြား ခွင့်ပြုမိန့်ရယူဆောင်ရွက် ခွင့်အတွက် လျှောက်ထားရန် ဆုံးဖြတ်ပါသည်။

၂။ Europe & Asia Commercial Co., Ltd. လက်အောက်တွင်ရှိသော မန္တလေးတိုင်းဒေသကြီးမြေနေရာ(၁၅)ခု (ပူးတွဲ-၂.၁၁(ဃ)) တွင် ရှိသော အချိုရည် ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်း ကိုလည်း အဆောက်အအုံ ၊ စက်နှင့် တပ်ဆင်ပစ္စည်းများကို ဝယ်ယူကာ မြေကိုလက်ရှိ အမည်ပေါက်/ ပိုင်ရှင်များ ထံမှ အငှါးစနစ်ဖြင့် အသုံးပြု၍ Europe & Asia Beverages Co., Ltd. အနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏သီးခြား ခွင့်ပြုမိန့်ရယူဆောင်ရွက် ခွင့်အတွက် လျှောက်ထားရန် ဆုံးဖြတ်ပါသည်။

EUROPE & ASIA BEVERAGES CO., LTD.

၃။ အထက် အပိုဒ် (၂) နှင့် (၃) ပါ လုပ်ငန်းများအတွက် တန်ဘိုးသတ်မှတ်ခြင်း၊ စာချုပ်ချုပ်ဆိုဆောင်ရွက်ခြင်း၊ ကုန်အမှတ် တံဆိပ်အသုံးပြုခွင့် လွှဲပြောင်းခြင်းတို့ အတွက် ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ကြပါသည်။

၄။ အထက်ပါ ရန်ကုန်နှင့် မန္တလေး ရင်းနှီးမြုပ်နှံမှုများအတွက် အစုရှင်များမှကျပ်သန်း ၃၈,၃၈၃ ရင်းနှီးငွေထည့်ဝင်နိုင်ရန်အတွက် "Europe & Asia Commercial Co., Ltd." ၏ ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ကျပ်သန်း ၁၆,၈၂၇ ခွဲဝေပေး ထားရာမှ လိုအပ်သည့်ကျပ်သန်း ၂၁,၅၅၆ ကို ခွဲဝေရန် ဆုံးဖြတ်ပါသည်။ ("Europe & Asia Commercial Co., Ltd." ၏ အမြတ်ငွေခွဲဝေသည့် စည်းဝေးမှတ်တမ်း ပူးတွဲ)

Europe & Asia Beverages Co., Ltd.
No.........
Date.........

အတည်ပြုသူ

ဦးကျော်ဝင်းထွန်း
ဒါရိုက်တာ

U Kyaw Win Tun
Director

EAC
EUROPE & ASIA COMMERCIAL CO., LTD.

Europe & Asia Commercial Co., Ltd.

အစုရှင်များ၏အထူးအစည်းအဝေးမှတ်တမ်း

အစည်းအဝေးကျင်းပသည့်နေ့	-	__________ လ၊ ______ ရက်၊၂၀၁၉
ကျင်းပသည့်အချိန်	-	၁၀:၀၀နာရီ
ကျင်းပသည့်နေရာ	-	ကုမ္ပဏီ၏အစည်းအဝေးခန်း
အစည်းအဝေးတက်ရောက်ကြသူများ	-	အစုရှယ်ယာရှင် နှင့် ဒါရိုက်တာများ အားလုံး

ဆွေးနွေးချက်များ

၁။ Europe & Asia Commercial လုပ်ငန်းစု အတွင်း မှ လုပ်ငန်းတစ်ခု ဖြစ်သည့် Europe & Asia Beverages Co., Ltd. [ကုမ္ပဏီ မှတ်ပုံတင်အမှတ် - ၁၁၃၃၃၃၄၉၉ (ယခင်ကုမ္ပဏီ မှတ်ပုံတင်အမှတ် ၇၂၆/ ၂၀၁၄-၂၀၁၅)]သည် အကွက်အမှတ် (၁၉)၊ ဦးပိုင်အမှတ်-၁၇၀၊ ၁၇၁၊ ၁၇၂/၁၊ ၁၇၅/၁၊ ၁၇၆၊၁၇၇၊ ၁၇၈၊ ၁၇၉/၁၊ ၁၇၉/၂) ဧရိယာ ၂၂.၆၈ ဧကနှင့် ဦးပိုင်အမှတ်- ၁၆၆/၂၊ ၁၆၇၊ ၁၆၈/၂၊ ၁၆၉) ဧရိယာ ၉.၀၉ ဧက (စုစုပေါင်း ဧရိယာ ၃၁.၇၇ ဧက) ဆဲ့နစ်ကိုင်း၊ မြောက်ကိုင်းကျေးရွာ အုပ်စု၊ ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်း ဒေသကြီးတွင် ရည်ညွှန်းချက် ပါ ခွင့်ပြုမိန့် နှင့် ခွင့် ပြုချက်များအရ နို့၊ ပဲနို့ရည် အမျိုးမျိုး၊ ရေသန့်၊ အချိုရည်နှင့် နို့ချဥ်အမျိုးမျိုး ထုပ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ရန် ခွင့်ပြုချက်များရရှိခဲ့ ပြီးဖြစ် ပါသည်။

အဆိုပြုလွှာလုပ်ငန်းများ အကောင်အထည် ဖော်ရာတွင် အဆောက်အအုံ တည်ဆောက်မှု လုပ်ငန်း များ နှင့် စက်ပစ္စည်းတင်သွင်းတပ်ဆင်ရေးလုပ်ငန်းများ ပြီးစီး လုနီးဖြစ် ပါသည်။

၂။ Europe & Asia Commercial လုပ်ငန်းစု အတွင်း ဆောင်ရွက် လုပ်ငန်းများကို နည်းပညာ၊ အရည်အသွေး နှင့် ပြည်တွင်း၊ ပြည်ပယှဥ်ပြိုင်နိုင်မှု ပိုမိုအားကောင်းလာနိုင်စေရန် ပြည်ပလုပ်ငန်းများနှင့် ဖက်စပ်ဆောင်ရွက်ခြင်း၊ ပြည်ပ နှင့် ဖက်စပ် ဆောင်ရွက်ခြင်းမပြုဘဲ ကျန်သော လုပ်ငန်းများ ကိုလည်း ဖွဲ့စည်းပုံ နှင့်၊ အုပ် ချုပ် မှုအပါအဝင် စံနစ်တကျ စုဖွဲ့ ပြင်ဆင်ရန် ဆွေးနွေးခဲ့ပါသည်။

အထူးဆုံးဖြတ် ချက်များ

၁။ Europe & Asia Commercial Co., Ltd. [ကုမ္ပဏီ မှတ်ပုံတင်အမှတ် - ၁၃၆၆၅၉၀၆၅ (ယခင်ကုမ္ပဏီ မှတ်ပုံတင်အမှတ် ၂၃၀/ ၁၉၉၄-၁၉၉၅)] လက်အောက်တွင်ရှိသော အမှတ် (၆၆/၆၇)၊ ကနောင်မင်းသားကြီးလမ်း နှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ လူနေရပ်ကွက်အမှတ် - စက်မှုဇုန် အပိုင်း (၄)၊ မြေတိုင်းရပ်ကွက် အမှတ် ၆၅ (စက်မှု)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရေသန့်နှင့် အချိုရည် ထုတ်လုပ် ဖြန့်ဖြူးရောင်းချ လျက်ရှိသည့် စက်ရုံအား အဆောက်အအုံ ၊ စက်နှင့် တပ်ဆင်ပစ္စည်းများကို Europe & Asia Beverages Co., Ltd. ရောင်းချကာ မြေကိုလက်ရှိအမည်ပေါက် ပိုင်ရှင် ဦးစိန်မြင့်ထံမှ အငှါးစနစ်ဖြင့် အသုံးပြု၍ Europe & Asia Beverages Co., Ltd. အနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏သီးခြား ခွင့်ပြုမိန့်ရယူဆောင်ရွက် ခွင့်အတွက် ဆက်လက် ဆောင်ရွက်ရန် ဆုံးဖြတ်ပါသည်။

၂။ Europe & Asia Commercial Co., Ltd. လက်အောက်တွင်ရှိသော မန္တလေးတိုင်းဒေသကြီးမြေနေရာ (၁၅)ခု (ပူးတွဲ-၂.၁၁(ဃ)) တွင် ရှိသော အချိုရည် ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်း ကိုလည်း အဆောက်အအုံ ၊ စက်နှင့် တပ်ဆင်ပစ္စည်းများကို ဝယ်ယူကာ မြေကိုလက်ရှိ အမည်ပေါက်/ ပိုင်ရှင် များ ထံမှ အငှါးစနစ်ဖြင့် အသုံးပြု၍ Europe & Asia Beverages Co., Ltd. အနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏သီးခြား ခွင့်ပြုမိန့်ရယူဆောင်ရွက် ခွင့်အတွက် လျှောက်ထားရန် ဆုံးဖြတ်ကြပါသည်။

EAC
EUROPE & ASIA COMMERCIAL CO., LTD.

Europe & Asia Commercial Co., Ltd.

၃။ Europe & Asia Commercial Co., Ltd. [ကုမ္ပဏီ မှတ်ပုံတင်အမှတ် - ၁၃၆၆၅၉၀၆၅ (ယခင်ကုမ္ပဏီ မှတ်ပုံတင်အမှတ် ၂၃၀/ ၁၉၉၄-၁၉၉၅)] လက်အောက်တွင်ရှိသော အမှတ် (၆၆/၆၇)၊ ကနောင်မင်းသားကြီးလမ်း နှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ လူနေရပ်ကွက်အမှတ် - စက်မှုဇုန် အပိုင်း (၄)၊ မြေတိုင်းရပ်ကွက် အမှတ် ၆၅ (စက်မှု)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရေသန့် နှင့် အချိုရည် ထုတ်လုပ် ဖြန့်ဖြူးရောင်းချ လျက်ရှိသည့် စက်ရုံအား အဆောက်အအုံ ၊ စက်နှင့် တပ်ဆင်ပစ္စည်းများကို ဝယ်ယူကာ မြေကိုလက်ရှိအမည်ပေါက် ပိုင်ရှင် ဦးစိန်မြင့်ထံမှ အငှါးစနစ်ဖြင့် အသုံးပြု၍ Europe & Asia Beverages Co., Ltd. အနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ သီးခြား ခွင့်ပြုမိန့်ရယူဆောင်ရွက် ခွင့်အတွက် လျှောက်ထားရန် ဆုံးဖြတ်ပါသည်။

၄။ ရန်ကုန်နှင့် မန္တလေး ရင်းနှီးမြှုပ်နှံမှုများအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေး နှစ်အတွင်း ကျပ်သန်း ၁၆,၈၂၇ ခွဲဝေပေး ထားရာမှ လိုအပ်သည့်ကျပ်သန်း ၂၁,၅၅၆ ကို ခွဲဝေရန် ဆုံးဖြတ်ပါသည်။

၅။ အထက် အပိုဒ် (၂) နှင့် (၃) ပါ လုပ်ငန်းများအတွက် တန်ဘိုးသတ်မှတ်ခြင်း၊ စာချုပ်ချုပ်ဆိုဆောင်ရွက်ခြင်း၊ ကုန်အမှတ် တံဆိပ်အသုံးပြုခွင့် လွှဲပြောင်းခြင်းတို့ အတွက် ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ကြပါသည်။

အတည်ပြုသူ၊

EUROPE & ASIA COMMERCIAL CO., LTD.
No.........................
Date.......................

ဦးကျော်ဝင်းထွန်း
ဒါရိုက်တာ

U Kyaw Win Tun
Director

Europe and Asia Beverage Company Limited

ဒါရိုက်တာစာရင်း

စဉ်	အစုရှင်များ၏ အမည် နှင့် လိပ်စာ	နိုင်ငံသား နှင့် မှတ်ပုံတင်အမှတ်
၁	ဦးစိန်မြင့် အမှတ် ၄(င)၊ ပုဂံလမ်း၊ မြကန်သာအိမ်ယာ၊ (၁၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။	မြန်မာ ၁၃/ ကခန (နိုင်) ၀၀၉၉၃၉
၂	ဒေါ်သိန်းညွန့် အမှတ် ၄(င)၊ ပုဂံလမ်း၊ မြကန်သာအိမ်ယာ၊ (၁၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။	မြန်မာ ၁၃/ နမတ (နိုင်) ၀၂၄၈၂၀
၃	ဒေါ်လောဆွေ အမှတ် (၃၅)၊ ၂၆လမ်း၊ ၆၅လမ်းနှင့်၆၆လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။	မြန်မာ ၁၃/ လရန (နိုင်) ၀၅၄၁၆၀
၄	ဒေါ်ရွှေလှ အမှတ်၂၀(ဃ)၊ ကော့သောင်းလမ်း၊ မြကန်သာအိမ်ယာ၊ (၁၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။	မြန်မာ ၁၃/ နမတ (နိုင်) ၀၂၄၄၆၉
၅	ဦးစောမောင် အမှတ် (၄၄၇)၊ ၈၀လမ်း၊ ၃၂လမ်းနှင့် ၃၃လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။	မြန်မာ ၉/ မရမ (နိုင်) ၀၀၁၄၀၄
၆	ဦးအောင်ထွေး(ခ)ဦးဇော်ထွန်းနိုင် အမှတ် ၄၂(ဃ)၊ ကျွဲဆည်ကန်၊ (၃) လမ်း၊ ပြည်ကြီးတံခွန် မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။	မြန်မာ ၁၃/ လလန (နိုင်) ၀၀၁၇၀၄
၇	ဦးကျော်ဝင်းထွန်း အမှတ် ၅(ခ)၊ စစ်ကိုင်းလမ်း၊ မြကန်သာအိမ်ယာ၊ (၁၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။	မြန်မာ ၁၃/ လရန(နိုင်) ၀၉၁၇၇၄

EABC EUROPE & ASIA
BEVERAGES CO., LTD.

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ် ၁၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ရက်စွဲ ။ ။
စာအမှတ် ။ ။ 01/09/19 EABC – MIC YGN

အကြောင်းအရာ ။ ။ Europe & Asia Commercial Company Limited မှ Europe & Asia Beverages Company Limited သို့ အမည်ပြောင်းလျှောက်ထားခြင်း နှင့် မြေငှားဂရန် သက်တမ်းတိုးမြှင့်လျှောက်ထားခြင်းကို MIC ခွင့်ပြုချက်ရရှိပြီးသည့်အခါ ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း ကတိဝန်ခံချက်ပေးပို့ခြင်းနှင့် ရင်းနှီးမြှုပ်နှံလိုသည့် သက်တမ်းကို Europe & Asia Beverages Company Limited မှ အမည်ပေါက်လွှဲပြောင်းယူမည်ဖြစ်သဖြင့် အများဆုံး ခွင့်ပြုနိုင်သည့် သက်တမ်းအထိ လျှောက်ထားခွင့်ပြုပါရန် တင်ပြခြင်း

ရည်ညွှန်းချက် ။ ။ Europe & Asia Beverages Co., Ltd. ၏ ၂၀၁၉ခုနှစ်၊ ဇူလိုင်လ (၃၀) ရက်နေ့စွဲပါ အချိုရည် ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့် လျှောက်လွှာ။

၁။ အထက် ရည်ညွှန်းချက်ပါ မြေများနှင့် စပ်လျဉ်း၍ လုပ်ငန်းစုမူဝါဒအရ လုပ်ငန်းစုအတွင်းရှိ နို့၊ ပဲနို့ရည် အမျိုးမျိုး၊ ရေသန့်၊ အချိုရည်နှင့် နို့ချဉ်အမျိုးမျိုး ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများကို Europe & Asia Beverages Co., Ltd. လက်အောက်သို့ စုဖွဲ့ ရန် ဆုံးဖြတ်သည် အလျောက် လက်ရှိတွင် အမည်ပေါက် ပိုင်ရှင်ဖြစ်သူ Europe & Asia Commercial Co., Ltd. (ကုမ္ပဏီ မှတ်ပုံတင်အမှတ် - ၁၃၆၆၅၉၀၆၅) လက်အောက်တွင်ရှိသော ပူးတွဲပါဇယား ရှိ မြေနေရာများကို Europe & Asia Beverages Co., Ltd သို့ အမည်ပြောင်းလျှောက်ထားခြင်းနှင့် မြေငှားဂရန် သက်တမ်း တိုးမြှင့်လျှောက်ထားခြင်းကို ဆောင်ရွက်မည်ဖြစ်ပါသည်။ လျှောက်ထားလွှာတွင် အငှါးစနစ်ဖြင့် ဖော်ပြထားခြင်းမှာ ရင်းနှီးမြှုပ်နှံမှုများမှ ကော်မရှင်ခွင့်ပြုချက် ရရှိပြီး မှသာ မြေအမည်ပြောင်းလျှောက်ထားလိုခြင်းနှင့် အမည်ပြောင်းလုပ်ငန်းစဉ် မပြီးဆုံးမီတွင် အငှားစနစ်ဖြင့် အသုံးပြုနိုင်ရန် ဖြစ်ပါသည်။

အထူးသဖြင့် မန္တလေးတိုင်းဒေသကြီးရှိ ရင်းနှီးမြှုပ်နှံသည့် ဒေသများ၏ မြေငှါးဂရန် သက်တမ်းအမျိုးမျိုး ရှိသည့်အလျောက် ရင်းနှီးမြှုပ်နှံသူများမှ မြေငှားဂရန် သက်တမ်းကို အဆက်မပြတ် အများဆုံးတိုးမြှင့် ရရှိနိုင်သည်အထိ တိုးမြှင့်သွားမည့်အချက်အရ ရင်းနှီးမြှုပ်နှံလိုသည့် ကာလကို အများဆုံး ၅၀ + ၁၀ + ၁၀ နှစ် ကာလအထိ လျှောက်ထားခွင့် ပြုပါရန် တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်၊

ဦးကျော်ဝင်းထွန်း
ဒါရိုက်တာ

U Kyaw Win Tun
Director

Europe & Asia Beverages Co., Ltd.
No.............
Date............

Yangon No. 19, 4 Za (2-Kha), Corner of Baho Road and Nilar Street, (13) Qtr. Hlaing Township, Yangon, Myanmar. Tel : (+951) 2305300 Fax : (+951) 2305305, 2305305

ရင်းနှီးမြှုပ်နှံမှုကော်မရှင်ခွင့်ပြုမိန့်ဖြင့် နှစ်ရှည် မြေငှားရမ်းခြင်းစာချုပ်

(   ) ခုနှစ်၊   လ (   )ရက်နေ့တွင် ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး အောက်ပါ အငှားချထားသူနှင့် ငှားရမ်းသူတို့သည် ဤမြေငှားရမ်းခြင်းကို ပြုလုပ်ချုပ်ဆိုကြသည်မှာ

အငှားချထားသူများ ။ ။ ဦးစိန်မြင့်
နိုင်ငံသား စီစစ်ရေးအမှတ် - ၁၃/ ကခန (နိုင်) ၀၀၉၉၃၉
အမှတ်-(၄-င)၊ ပုဂံလမ်း၊ မြကန်သာအိမ်ရာ၊ (၁၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး။

ငှားရမ်းသူ ။ ။ ဥရောပ အာရှ အဖျော် ယမကာကုမ္ပဏီလီမိတက်
ကုမ္ပဏီများဆိုင်ရာ မှတ်ပုံတင်အမှတ်- ၁၁၃၃၃၃၄၉၉
အမှတ်(၁၉)(၄၈)(၂ခ)၊ ဗဟိုလမ်းနှင့် နီလာလမ်းထောင့်၊ (၁၃) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး။

(အထက်အမည်ပါ အငှားချထားသူဟု ဆိုရာ၌ လည်းကောင်း၊ ငှားရမ်းသူဟုဆိုရာ၌ လည်းကောင်း၊ အဆိုပါ အငှားချထားသူနှင့် ငှားရမ်းသူတို့ ကိုယ်တိုင်အပြင် ၎င်းတို့၏ အမွေစား အမွေခံများ တရားဝင်ကိုယ်စားလှယ်များနှင့် ကိုယ်စားပြုခံရသူများပါ အားလုံး ပါဝင်သည်ဟု မှတ်ယူ ရမည်။)

အထက်အမည်ပါ အငှားချထားနှင့် ငှားရမ်းသူတို့သည် နှစ်ဦးနှစ်ဘက် ညှိနှိုင်း သဘောတူညီကြပြီး အောက်ပါ စည်းကမ်းချက်များအတိုင်း ငှားရမ်းခြင်းစာချုပ်ကို ချုပ်ဆိုကြ ပါသည်။

၁။ အငှားချထားသူတို့သည် အမှတ် (၆၆/၆၇)၊ ကနောင်မင်းသားကြီးလမ်း နှင့် ဆိပ်ကမ်းသာ လမ်းထောင့်၊ လူနေရပ်ကွက်အမှတ် - စက်မှုဇုန် အပိုင်း (၄)၊ မြေတိုင်းရပ်ကွက် အမှတ် ၆၅ (စက်မှု)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ဧရိယာ အတိုင်းအတာအားဖြင့် ၄.၀၈၁ ဧက (၁၇၇၇၆စတုရန်းပေ)ရှိ၊ နှစ် (၆၀) ဂရန်မြေကွက် နှင့် အကျိုးခံစားခွင့် အရပ်ရပ် တို့ကို ပိုင်ဆိုင်ကြောင်း ဝန်ခံပါသည်။

၂။ အငှားချထားသူနှင့် ငှားယူသူ တို့သည် အစုရှယ်ယာရှင်များ ထပ်တူ တူညီသည့် မိသားစု ကုမ္ပဏီများ ဖြစ်သဖြင့်လည်းကောင်း၊ မြေကို ငှားယူသူသို့ လွှဲပြောင်းပေးရန် သဘောတူထားပြီးဖြစ်ပါသည်။

၃။ ငှားယူသူမှ မြေပေါ်ရှိ ရေသန့် နှင့် အချိုရည်လုပ်ငန်းအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရန် ပြင်ဆင်လျက်ရှိရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏

ခွင့်ပြုချက်ရရှိပြီးသည့်အခါ လွှဲပြောင်းရန် သဘောတူပြီးဖြစ်ပါသည်။ ယခုစာချုပ်မှာ မြေပိုင်ဆင်မှုလွှဲပြောင်းခြင်း မပြီးဆုံးမီတွင် အငှားစနစ်ဖြင့် အသုံးပြုရန် ဖြစ်ပါသည်။

၄။ မြေကွက် သည် မြေငှားဂရန် သက်တမ်း နှစ် (၆၀) ပါရှိသဖြင့် လည်းကောင်း၊ မြေငှားသက်တမ်းကို အောက်ပါအတိုင်းဖော်ပြချုပ်ဆိုရန် သဘောတူပါသည်။

(က) အငှားချထားသူမှ မြေငှားဂရန်သက်တမ်းများကို အဆက်မပြတ်အများဆုံးတို့ဖြင့် ရရှိနိုင်သည့်ကာလအထိ တိုးမြှင့်ပေးသွားမည်ဟူသော ကတိအပေါ် အခြေပြု၍ မြေငှားသက်တမ်းကို ကနဦး ၁၀ နှစ်နှင့် သက်တမ်းတိုး (၅) နှစ် နှစ်ကြိမ် သတ်မှတ်ရန်

(ခ) မြေပိုင်ဆိုင်မှုများ ငှားရမ်းသူထံသို့ လွှဲပြောင်းပြီးသည့်အခါ အငှားစာချုပ် ရပ်စဲရန်

၅။ ငှားရမ်းသူတို့သည် ယင်းမြေအား အချိုရည်ထုတ်လုပ် ဖြန့်ဖြူး ရောင်းချရန် အတွက် အသုံးပြုမည်ဖြစ်ပြီး လိုအပ်သလို ပြုပြင် မွမ်းမံ တည်ဆောက်ခြင်း များကို ဆောင်ရွက်မည် ဖြစ်သည်။ ထိုသို့ ငှားရမ်းခြင်းအတွက် မြေငှားရမ်းခ အဖြစ် စုစုပေါင်း မြေငှားရမ်းခ ၁,၀၆၆,၆၁၀,၁၆၀ ကျပ် (တစ်စတုရန်းပေ/ တစ်လလျှင် (၅၀၀) ကျပ်၊ တစ်ဧက/ တစ်နှစ်လျှင် (၂၆၁,၃၆၀,၀၀၀) ကျပ်) ဖြင့် စုစုပေါင်း မြေဧရိယာ ၄.၀၈၁ ဧက (၁၇၇၇၆၈ စတုရန်းပေ)အတွက် မြေငှားရမ်းခကို နှစ်စဉ်ပေးချေသွားပါမည်။

၆။ ငှားရမ်းသူမှ ငှားရမ်းသည့် မြေ နှင့် တွယ်ဆက်မည့်ပစ္စည်းများအား မူလ အနေ အထား ကို ပြောင်းလဲအသုံးပြုမည် ဖြစ်ပါက ငှားရမ်းသူ၏ ကုန်ကျစရိတ်ဖြင့် ပြင်ဆင်ခြင်းကို အငှား ချထားသူမှ သဘောတူကြောင်း ဝန်ခံ၍ အဆောက်အဦး ပြင်ဆင်ခြင်း၊ တည်ဆောက်ခြင်း ကာလ ကို ငှားရမ်းခ တောင်းခံခြင်း မပြုပါဟု အငှားချထားသူမှလည်း ဝန်ခံ ကတိပြုပါသည်။

၇။ ငှားရမ်းသူသည် ငှားရမ်းသည့်မြေကို ရေသန့် နှင့် အချိုရည်ထုတ်လုပ် ဖြန့်ဖြူး ရောင်းချရန် အတွက် အသုံးပြုမည်ဖြစ်ပြီး လိုအပ်သလို ပြုပြင် မွမ်းမံ တည်ဆောက်ခြင်းများကို ဆောင်ရွက်မည် ဖြစ်ကြောင်း ဝန်ခံလျက် အခြားသူများသို့ အခွင့်အမိန့်မရှိဘဲ တစိတ်တစ်ဒေသကို ဖြစ်စေ၊ အားလုံး ကို ဖြစ်စေ ထပ်ဆင့်ငှားရမ်းခြင်း ၊လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းလှုဒါန်းခြင်း၊ အခြား နည်းလမ်း တစ်ရပ်ရပ်ဖြင့် အသုံးပြုခြင်း မပြုပါဟု ဝန်ခံကတိပြုပါသည်။

၈။ ငှားရမ်းသည့် မြေပေါ်တွင် ငှားရမ်းသူမှ အစိုးရ၏ တည်ဆဲဥပဒေများနှင့် ညွှန်ကြား ချက်များနှင့်အညီ ဆောင်ရွက်လုပ်ကိုင်ရန်နှင့် ဥပဒေနှင့်ဆန့်ကျင်သည့် လုပ်ငန်းများကို ဆောင် ရွက်ခြင်းမပြုပါဟု ဝန်ခံကတိပြုပါသည်။ ယင်းသို့ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း မရှိသောကြောင့် အရေးယူမှုများ၊ နစ်နာမှုများ ပေါ်ပေါက်လာပါက ငှားရမ်းသူမှ တာဝန်ဖြေရှင်း ပေးရမည်ဖြစ်ပြီး အဆိုပါ ဖောက်ဖျက်ကျူးလွန်မှု၏ အကျိုးဆက်အဖြစ် ဤငှားရမ်းသည့်စာချုပ်ကို စတင် အရေးယူ ခြင်းခံရသည့်နေ့မှစ၍ ငှားရမ်းခြင်း ပျက်ဆဲမည်ဖြစ်ကြောင်း ငှားရမ်းသူမှ နားလည်သဘော ပေါက်ကြောင်း ဝန်ခံပါသည်။

၉။ ယင်းသို့ ဌားရမ်းသည့်ကာလအတွင်း အစိုးရနှင့် မလွတ်ကင်းသည့် လုပ်ငန်းတစ်စုံတစ်ရာကိုပြုလုပ်ခြင်း၊ ဥပဒေချိုးဖောက်ခြင်း အစရှိသည်တို့ကြောင့် ဌားရမ်းသည့် မြေအား သက် ဆိုင်ရာ အစိုးရမှချိတ်ပိတ်ခြင်း၊ သိမ်းဆည်းခြင်း အစရှိသည်တို့ကို ပြုလုပ်ခဲ့ပါက ထိုသို့ ပြုဆောင် ချက်ကြောင့် ပေါ်ပေါက်လာသော နစ်နာဆုံးရှုံးမှုများအတွက် အဆိုပါမြေ၏ ကာလတန်ဖိုးနှင့်ညီမျှ သောငွေကို ဌားရမ်းသူမှ အငှားချထားခြင်းခံရသူအား ပေးလျော်ပါမည်ဟု ဝန်ခံကတိပြုပါသည်။

၁၀။ ဌားရမ်းသည့် မြေနှင့် ဆက်စပ်နေသော ပစ္စည်းများ အပါအဝင် အဖြစ် ဌားရမ်းခြင်း ဖြစ်ပြီး သက်ဆိုင်ရာ ဌာနဆိုင်ရာအသီးသီးသို့ ပေးဆောင်ရန်ရှိသော စည်ပင်သာယာအခွန်၊ ရေခွန်၊ မီးခွန်၊လုပ်ငန်းခွန်၊အမှိုက်ခွန်၊လျှပ်စစ်မီတာခ၊အခြားသောလုပ်ငန်း လည်ပတ်လုပ်ကိုင်ခြင်း ကြောင့် ပေးဆောင်ရမည့် အခွန်အခများအားလုံးကို ဌားရမ်းသူမှ ပေးချေပါမည်ဟု ဝန်ခံကတိပြု ပါသည်။

၁၁။ ဌားရမ်းသည့် မြေပေါ်တွင် အဆောက်အဦး အသစ်များ တိုးချဲ့ခြင်း၊ မွမ်းမံခြင်း၊ အသစ် တည်ဆောက်ခြင်းများကို လုပ်ကိုင်လိုပါက အငှားချထားသူထံသို့ ကြိုတင်ခွင့်ပြုချက်ရယူ ရမည်ဖြစ်ပြီး သက်ဆိုင်ရာ ရုံးဌာနအသီးသီး တို့တွင် ခွင့်ပြုမိန့် လျှောက်ထားခြင်း၊ ပေးဆောင်ရ မည့်အခွန်အခများကို ပေးချေပြီးလျှောက်ထားခြင်းများကို ပြုလုပ်ပါမည်ဟု ဝန်ခံကတိပြု ပါသည်။

၁၂။ ဌားရမ်းခြင်းကာလ မပြီးဆုံးမှီ အငှားချထားသူမှ သော်လည်းကောင်း၊ ဌားရမ်းသူမှ သော်လည်းကောင်း ဆက်လက်ဌားရမ်းရန် ဆန္ဒမရှိပါက (၃)လသုံးလ ကြိုတင် အကြောင်းကြား ပြီး တစ်ဘက်နှင့် တစ်ဘက် အပြန်အလှန် စာချုပ်ရုပ်စဲနိုင်သည်။

၁၃။ ဌားရမ်းသည့် ကာလပြီးဆုံးပြီး မြေနှင့် ဆက်စပ်ပစ္စည်းများကို ဌားရမ်းသူမှ အငှားချ ထားသူသို့ ပြန်လည်ပေးအပ်သည့်အခါ ဌားရမ်းသူမှ တပ်ဆင်ထားသော ရွှေ့ပြောင်းနိုင်သော ပစ္စည်း များမှအပ ကျန် ပစ္စည်းများကို ဌားရမ်းသူမှ ဖြုတ်ယူ သယ်ဆောင်ခြင်း မပြုဆောင်ပါဟု ဝန်ခံ ကတိပြု ပါသည်။

၁၄။ ဌားရမ်းသူ၏ ပေါ့ဆမှုကြောင့် ဖြစ်စေ၊ ဌားရမ်းသူ၏ ကိုယ်စားလှယ်များ၏ ပေါ့ လျော့မှု ကြောင့်ဖြစ်စေ၊ ဌားရမ်းသည့် မြေနှင့် အဆောက်အဦးမှ သာမန်ထက်ပိုမိုသော ပျက်စီးမှု များပေါ်ပေါက်ပါက မူလပုံစံအတိုင်း အငှားချထားသူ ကျေနပ်သည်အထိ ပြန်လည်မွမ်းမံ ပြင်ဆင် ပေးပါမည်ဟု ဝန်ခံ ကတိပြုပါသည်။

၁၅။ အထက်ဖေါ်ပြပါ ကတိကဝတ် စည်းကမ်းချက်များကို အငှားချထားသူမှ ဖြစ်စေ၊ ဌားရမ်းသူမှဖြစ်စေ ကျူးလွန်ဖေါက်ဖျက်ပါက ဌားရမ်းခ တနစ်စာ အပါအဝင် အခြားသော အရပ်ရပ် ဆိုင်ရာ နစ်နာမှုများအတွက် ပေးလျော်ပါမည်ဟု ဝန်ခံကတိပြုပါသည်။

၁၆။ ဤစာချုပ်တွင် ရေးသားဖေါ်ပြထားသော ကတိကဝတ် စည်းကမ်းချက်များကို ပြောင်း လဲလိုခြင်း၊ ပြင်ဆင်လိုခြင်း၊ ဖြည့်စွက်လိုခြင်းတို့ကို ပြုလုပ်လိုပါက စာချုပ်ဝင်အသီးသီးတို့မှ နှစ်ဦးနှစ်ဘက် လက်မှတ်ရေးထိုး ပြင်ဆင်ခြင်းမှအပ အခြားနည်းလမ်းများဖြင့် ပြောင်းလဲ ပြင်ဆင် ခွင့် မရှိစေရ။

၁၇။ ဤစာချုပ်တွင် စာချုပ်ဝင်အဖြစ် အသီးသီး လက်မှတ်ရေးထိုးကြ သူများသည် အခြားသူ တစ်ဦးသို့ တာဝန်ပေးအပ်ပြီး ဆောင်ရွက်စေလိုပါက အခြားသော စာချုပ်ဝင်တစ်ဦးထံသို့ ကြိုတင် ခွင့်ပြုချက် တောင်းခံပြီး မှသာ အခွင့်အမိန့် တစ်စုံတစ်ရာ ပေးအပ်ပြီးမှသာ စာချုပ်ဝင်တို့ ကိုယ်စား ဆောင်ရွက်ပိုင်ခွင့် ရှိစေမည် ဖြစ်သည်။

၁၈။ ဤမြေငှားရမ်းခြင်း ကတိစာချုပ်သည် ယခင်ချုပ်ဆိုခဲ့သော ကတိစာချုပ်များ၊ နုတ်ဖြင့် ထားရှိခဲ့သော ကတိကဝတ်များအားလုံးကို ဖုံးလွှမ်းသည်ဟု မှတ်ယူရမည်။]

အထက်ပါ စာချုပ်ပါ စကားရပ်များကို အငှားချထားသူနှင့် ငှားရမ်းသူတို့ ကိုယ်တိုင် ဖတ်ရှု့သိရှိ သဘောပေါက် နားလည်ပြီး ဖြစ်ပါ၍ အောက်ပါ အသိသက်သေများ ရှေ့မှောက်တွင် ဤမြေ ငှားရမ်းခြင်း ကတိစာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုကြပါသည်။

အငှားချထားသူ......................................	ငှားရမ်းသူ..
အမည်	အမည် ....
နိုင်ငံသားစီစစ်ရေးအမှတ်..........................	နိုင်ငံသားစီစစ်ရေးအမှတ်........................

အသိသက်သေများ

၁။အမည်...................................	၂။ အမည်.................................
နိုင်ငံသားစီစစ်ရေးအမှတ်	နိုင်ငံသားစီစစ်ရေးအမှတ်
နေရပ်	နေရပ်

၂၁ . ၇ . ၂၀၀၆

မြေငှားစာချုပ်

မူရင်း

၂၀၀၆ ခုနှစ်၊ (မြေငှား) အမှုတွဲအမှတ် ၇ယယ၁(စက်မှု)(ရုံး-၄) အရ ထုတ်ပေးသည်။
၃၀/၂၀၀၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (နောင်တွင် "အငှားချထားသူ" ဟုရည်ညွှန်းသည်။ "အငှားချထားသူ" ဆိုသည့်စကားရပ်တွင် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် အဆိုပါဌာနကို ဆက်ခံသူများနှင့် အဆိုပါဌာနက လွှဲအပ်သူများလည်း ပါဝင်သည်။)

စက်မှုလက်မှုလုပ်ငန်း

နှင့် [illegible] မြို့နေ၊ ဦး ________________ ၏၊ သား/သမီး ဖြစ်သော၊

ဦး [illegible] EMS INDUSTRIAL COMPANY LTD. ကုမ္ပဏီ မှတ်ပုံတင်အမှတ် ၁၈၀၉/၁၉၉၇-၁၉၉၈ (နောက်တွင် "အငှားစာချုပ်ရသူ"

ဟု ရည်ညွှန်းသည်) တို့သည် ၁၃ ၆၈ ခုနှစ်၊ [illegible] လပြည့်ကျော် ၁၂ ရက်နေ့၊ ခ.ရ ၂၀၀၆ ခုနှစ်၊

([illegible] လ ၂၁ ရက်) တွင် အောက်ပါအတိုင်း မြေငှားစာချုပ်-ချုပ်ဆိုကြသည်။

အငှားစာချုပ်ရသူက-နောက်တွင် သတ်မှတ်ထားသည့် မြေငှားခကို ပေးဆောင်ရန် သဘောတူသောကြောင့် လည်းကောင်း၊ နောက်တွင်ပါရှိသော ပဋိညာဉ်ချက်များကို လိုက်နာမည်ဖြစ်သောကြောင့် လည်းကောင်း၊ အောက်ပါဇယား၌ ဖော်ပြထားသော မြေကွက်အားလုံးကိုလည်းကောင်း၊ မြေကွက်နှင့် သက်ဆိုင်သော အခွင့်အရေးများ၊ ဝင်-ထွက် သွားလာနိုင်ခွင့် စသော သက်သာခွင့်များနှင့် အခြားအခွင့်အရေးများနှင့်တကွ အငှားချထားသူက အငှားစာချုပ်ရသူအား၊ ဤစာချုပ်ဖြင့် အငှားချထားသည်။ အဆိုပါမြေကွက်အတွင်း မြေပေါ်မြေအောက်ရှိ သတ္တုတွင်းများ၊ ဓာတ်သတ္တုပစ္စည်းများ၊ မြေမြှုပ်ဘဏ္ဍာများ၊ ကျောက်မီးသွေး၊ ရေနံနှင့် ကွာရီ (Quarries) စသည်တို့သည် ဤစာချုပ်ဖြင့် အငှားချထားခြင်း၌ မပါဝင်ချေ။ ထိုသို့ ရှာဖွေတူးဖော်ရယူ၊ သယ်ဆောင်ရာ၌ အဆိုပါမြေကွက်၏ မျက်နှာပြင်ကို နှောင့်ယှက်ပျက်စီးစေခဲ့လျှင်၊ အငှားစာချုပ်ရသူအားသင့်တော်သော လျော်ကြေးကို အငှားချထားသူက ပေးရမည်။ ယင်းလျော်ကြေးနှင့် စပ်လျဉ်း၍ အငြင်းဖြစ်ပွားခဲ့သော် လျော်ကြေးကို တည်ဆဲမြေသိမ်း အက်ဥပဒေ၏ သို့တည်းမဟုတ် စည်းမျဉ်းဥပဒေများ၏ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ~~ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန~~၏ ညွှန်ကြားရေးမှူးချုပ်က ဆုံးဖြတ်ရမည်။

စက်မှုဇုန်များစီမံခန့်ခွဲရေး
ညွှန်ကြားချက်အမှတ် ၁ / ၉၇ ကို
လိုက်နာရမည်။

ထို့ကြောင့် ဤစာချုပ်-ချုပ်ဆိုသည့် ၂၁ . ၇ . ၂၀၀၆ နေ့မှစ၍ နှစ်ပေါင်း ~~[illegible]~~ အပိုင်းအခြား အမြဲတမ်းလက်ရှိထားနိုင်ရန် အငှားစာချုပ်ရသူအား အဆိုပါမြေကွက်ကို အငှားချထားသည်။

၃။ နှစ်စဉ်ပေး ဆောင်ရမည့် မြေငှားစာချုပ် ကာလအပိုင်းအခြားတွင် ၂၀၂၂ ခုနှစ် ဇူလိုင် လ [illegible] ရက်နေ့၌ ကုန်ဆုံးသည့် ပထမ တစ်ဆယ့်ငါးနှစ်အတွင်း တွင် ကျပ် ၄၄၅၂ ပြား -
([illegible]) တိတိကို ဇန်နဝါရီလ ၁-ရက်နေ့မှ စသည့် သုံးလပတ်အတွက် ဇန်နဝါရီလ ၁-ရက်နေ့တွင် လည်းကောင်း၊ ဧပြီလ ၁-ရက်နေ့မှ စသည့် သုံးလပတ် အတွက် ဧပြီ ၁-ရက်နေ့တွင် လည်းကောင်း၊ ဇူလိုင်လ ၁-ရက်နေ့မှ စသည့် သုံးလပတ်အတွက် ဇူလိုင်လ ၁-ရက်နေ့တွင် လည်းကောင်း၊ အောက်တိုဘာလ ၁-ရက်နေ့မှ စသည့် သုံးလပတ်အတွက် အောက်တိုဘာလ ၁-ရက်နေ့တွင် လည်းကောင်း ကြိုတင်ပေးဆောင်ရမည်။ အဆိုပါ နှစ်ရှည်ငှားရမ်းမည့်ကာလ အပိုင်းအခြား၏ ဒုတိယတစ်ဆယ့်ငါးနှစ်နှင့်တတိယတစ်ဆယ့်ငါးနှစ်၊ စတုတ္ထတစ်ဆယ့်ငါးနှစ်အတွက် ၁ ပိုဒ် [illegible] တွင် ပြဋ္ဌာန်းထားသည့်နည်းလမ်းအတိုင်း အငှားချထားသူအား သတ်မှတ်သည့် မြေငှားခများကို အငှားစာချုပ်ရသူက

၁။ အငှားစာချုပ်ရသူသည် အငှားချထားသူအား အောက်ပါအတိုင်း ပဋိညာဉ်ခံချက် ပြုလုပ်သည် -

(က) အထက်၌ မြေငှားခကိုပေးဆောင်ရန် သတ်မှတ်ထားသည့် နေ့ရက်များတွင် သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း အဆိုပါမြေငှားခနှင့် အဆိုပါမြေကွက်ပေါ်၌လည်းကောင်း၊ ထိုမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံပေါ်၌သော်လည်းကောင်း၊ အငှားစာချုပ်ရသူအပေါ်၌လည်းကောင်း အဆိုပါ နှစ်ခြောက်ဆယ့် ကာလအပိုင်းအခြားအတွင်း စည်းကြပ်ဆဲ စည်းကြပ်လတ္တံ့ ဖြစ်သော အခွန်အတုတ်အားလုံးကို ပေးဆောင်ရန်။

(ခ) ဤစာချုပ်ချုပ်ဆိုသည့်နေ့မှ ၆-လအတွင်း စတင်ဆောက်လုပ်၍ နှစ်နှစ်အတွင်း အဆိုပါမြေကွက်ပေါ်၌ ကောင်းမွန်ခိုင်ခံ့သော လူနေအိမ်၊ ဒေသန္တရအာဏာပိုင်နှင့် သက်ဆိုင်သည့်တရားဥပဒေများနှင့် အညီ၊ ပြီးစီးအောင်ဆောက်လုပ်ရန်နှင့် ထိုလူနေအိမ်စသည်တို့ကို အဆိုပါနှစ်ပေါင်းခြောက်ဆယ်ကာလ အပိုင်းအခြားအတွင်း ပြုပြင်မွမ်းမံထားရှိရန်။

(ဂ) အဆိုပါမြေကွက်တည်ရှိသော ရပ်ကွက်၌သက်ဆိုင်ရာဒေသန္တရအာဏာပိုင်များက မိလ္လာပိုက်နှင့်ရေပိုက်များချထားလျှင်၊ ဒေသန္တရအာဏာပိုင်နှင့် သက်ဆိုင်သည့်တရားဥပဒေနှင့်အညီ အဆိုပါမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော အဆောက်အအုံများကို ထိုမိလ္လာပိုက်၊ ရေပိုက်များနှင့် ဆက်သွယ်ရန်။

(ဃ) သက်ဆိုင်သော ဒေသန္တရအာဏာပိုင်က ခွင့်ပြုသော အဆောင်ခွဲနှင့် အလုပ်သမားတန်းလျားများမှအပ အဆိုပါမြေကွက်ပေါ်၌ အဆောက်အအုံတစ်ခုထက်ပို၍ မဆောက်လုပ်ရန်။

(င) အငှားချထားသူ၏ စာဖြင့် သဘောတူညီချက်ကို ကြိုတင်မရရှိဘဲ၊ နှစ်ပေါင်းခြောက်ဆယ်ကာလအပိုင်းအခြားအတွင်းအဆိုပါ မြေကွက်ကို လူနေအိမ်ဆောက်လုပ်ရန်အတွက် မှတစ်ပါး၊ အခြားကိစ္စအတွက် အသုံးမပြုရန်နှင့် အဆိုပါ မြေကွက်ပေါ်တွင် ဆောက်လုပ်သည့် လူနေအိမ်ကို လူနေအိမ်အဖြစ်မှ တစ်ပါး အခြားနည်း အသုံးမပြုရန်။

(စ) အငှားချထားသူ၏ စာဖြင့် ကြိုတင်သဘောတူညီချက်မရရှိဘဲ၊ စာချုပ်ပါမြေကို ခွဲခြမ်းခြင်းမပြုရသည့်ပြင် ၎င်းမြေ တစ်စိတ်တစ်ဒေသကိုလည်း လွှဲပြောင်းခြင်း၊ တစ်ဆင့်ငှားရမ်းခြင်း၊ လက်လွှတ်ခြင်းများမပြုလုပ်ရ။

(ဆ) ဤစာချုပ်နှင့်စပ်လျဉ်း၍ မည်သည့်ကိစ္စအတွက်မဆို၊ အဆိုပါမြေကွက်သို့ဖြစ်စေ၊ အဆိုပါမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောအဆောက်အအုံသို့ဖြစ်စေ၊နှစ်ပေါင်းခြောက်ဆယ်ကာလအပိုင်းအခြားတွင်ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ အမိန့်အရ ဆောင်ရွက်သူများအား နေ့ခင်း သင့်တော်သည့် အချိန်များတွင် ဝင်ရောက်ခွင့်ပြုရန်။

(ဇ) ဤစာချုပ်အရ အငှားချထားသည့် နှစ်ပေါင်းခြောက်ဆယ်ကာလ အပိုင်းအခြား ကုန်ဆုံးသောအခါ အဆိုပါမြေကွက်တည်ရှိသည့်အဆောက်အအုံ၊ထိုအဆောက်အအုံနှင့်အမြဲတွဲကပ်ထားသောပစ္စည်းမပါဝင်စေဘဲ၊အဆိုပါမြေကွက်ကိုအငှားချထား သူအား အေးအေးဆေးဆေးစွာပြန်လည်ပေးအပ်ရန်။ သို့ရာတွင် အငှားချထားသူက အပိုဒ် ၂-အရ အဆိုပါမြေကွက်ကို ပြန်လည်သိမ်းယူပြီး စာချုပ်ကိုရုပ်စဲလျှင် အဆိုပါမြေကွက်နှင့် ထိုမြေကွက်ပေါ်တွင်တည်ရှိသည့် အဆောက်အအုံ ထိုအဆောက်အအုံနှင့် အမြဲတွယ်ကပ်ထားသောပစ္စည်းများကို အငှားစာချုပ်ရသူက အငှားချထားသူအား အေးအေးဆေးဆေးစွာ ပြန်လည်ပေးအပ်ရန်။

အပိုပဋိညာဉ်ခံချက်များ

ဖော်ပြပါ မြေငှားခနှုန်းသည် ယာယီမျှသာဖြစ်၍ ၁၉ ၂၀၀၆ ခုနှစ် အတွင်းတွင် ဖြစ်စေ
ထိုနောက် အချိန်ကာလတွင် ပြန်လည်ပြင်ဆင်သင့်က ပြင်ဆင်စည်းကြပ်ရန် ဖြစ်သည်။

၂။ အဆိုပါ မြေငှားခကို တောင်းဆိုသည်ဖြစ်စေ၊ မတောင်းဆိုသည်ဖြစ်စေ၊ ကြိုတင်ပေးဆောင်ရမည့် သုံးလပတ်အတွက် မြေငှားခကို သို့တည်းမဟုတ် ၎င်း၏ အစိတ်အပိုင်းကို ထိုသုံးလပတ်၏ ဒုတိယလ ဦးပိုင်းတွင် မပေးဆောင်သဖြင့် မြေငှားခ မပြေကျန်ရှိလျှင် သို့တည်းမဟုတ် အငှားစာချုပ်ရသူသည် အထက်တွင် ဖော်ပြပါရှိသည့် ပဋိညာဉ်ခံချက်များ အတိုင်း လိုက်နာဆောင်ရွက် ရန် ပျက်ကွက်လျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်သည် အဆိုပါ မြေငှားခကို ရယူရန် ချက်ချင်း အမှုဖွင့်နိုင်သည်။ ထိုပြင် သို့တည်းမဟုတ် ယခင်က ပဋိညာဉ်ခံ ချက်ပျက်ကွက်ခြင်းအတွက် အရေးယူပိုင်ခွင့်ကိုဖြစ်စေ၊အဆိုပါမြေကွက်ပြန်လည်သိမ်းယူနိုင်ခွင့်ကိုဖြစ်စေ စွန့်လွှတ်ခဲ့စေကာမူ ဤစာ ချုပ်ကို ပယ်ဖျက်၍အဆိုပါ မြေကွက်နှင့်ထိုမြေကွက်ပေါ်တွင်တည်ရှိသောအဆောက်အအုံများ၊ ထိုဆောက်အအုံများနှင့် အမြဲတွယ် ကပ်ထားသော ပစ္စည်းများကို သိမ်းယူနိုင်သည်။

(ဂ) ဤစာချုပ်အရ အငှားချထားသည့်မြေသည် စက်မှုလုပ်ငန်းလုပ်ကိုင်ရန်အတွက်သာ အဆိုပါမြေပေါ်၌ စက်ရုံလုပ်ငန်းမှ ထွက်ရှိသည့် အသံအရလည်းကောင်း၊ အနံ့အရလည်းကောင်း၊ အမြင်အရ လည်းကောင်း၊ ပတ်ဝန်းကျင်အား ထိခိုက်မှုမရှိစေအောင် ဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင် ထိခိုက်မှုရှိကြောင်း စိစစ်တွေ့ရှိပါက ဤစာချုပ်ကို ပယ်ဖျက်ပြီး အဆိုပါမြေကွက်နှင့် ထိုမြေကွက် ပေါ်တွင်တည်ရှိသော အဆောက်အအုံအားလုံးကို သိမ်းယူနိုင်သည်။

၃။ အငှားချထားသူသည် အငှားစာချုပ်ရသူအား အောက်ပါအတိုင်း ပဋိညာဉ်ခံချက် ပြုလုပ်သည်။ **ညွှန်ကြားရေးမှူးချုပ်**

(က) အပိုဒ် ၂-အရ ဤစာချုပ်ကို ပယ်ဖျက်ကြောင်း နို့တစ်စာကို အငှားချထားသူက မိမိ သင့်လျော်သည်ဟု ထင်မြင်သည့် နည်းလမ်းအတိုင်း အငှားဂရန် ရသူ၏ နောက်ဆုံး သိရှိရသော လိပ်စာတပ်ပြီး ရေစစ္စတြီပြုလုပ်၍ စာပို့တိုက်မှ ပေးပို့နိုင်သည်။ သို့တည်းမဟုတ် ဆိုခဲ့သည့်အတိုင်း လိပ်စာတပ်၍ နို့တစ်စာကို အဆိုပါမြေကွက်၊ အဆောက်အအုံ စသည့် ပစ္စည်းများ၏ ထင်ရှား၍ လူအများမြင်သာသောနေရာတွင် ကပ်ထားနိုင်သည်။ အဆိုပါ နို့တစ်စာကိုပြဆိုသည့်နည်းလမ်းအတိုင်းပို့ခြင်း၊ ကပ်ထားခြင်း ပြုလုပ်ပြီးနောက် ရက်ပေါင်း ခြောက်ဆယ်အတွင်း အငှားစာချုပ် ရသူက အဆိုပါ ညွှန်ကြားရေးမှူးချုပ်အား မပြေကျန်ရှိနေသေးသော မြေငှားခကို ဤစာချုပ်ပယ်ဖျက်ခြင်း သို့တည်းမဟုတ် အဆိုပါမြေကွက် ပြန်လည်သိမ်းယူခြင်း၊ သို့တည်းမဟုတ် အဆိုပါမြေကွက်ကို ပြန်လည် အငှားချထားခြင်းနှင့် စပ်လျဉ်း၍ အငှားချထားသူက ကုန်ကျသောစရိတ် အားလုံးနှင့်တကွ အဆိုပါ ညွှန်ကြားရေးမှူးချုပ်သို့ ပေးဆောင်လျှင်သော်လည်းကောင်း၊ အခြားပဋိညာဉ်ခံချက် တစ်ခုခုနှင့် စပ်လျဉ်း၍ ပျက်ကွက်သည့်အတွက် နစ်နာမှုကို ပပျောက်စေရန် အဆိုပါ ညွှန်ကြားရေးမှူးချုပ် ကျေနပ်လောက်အောင် ဆောင်ရွက်လျှင် လည်းကောင်း အငှားချထားသူက ဤစာချုပ်ပါ ပဋိညာဉ်ခံချက်များအတိုင်း နှစ်ပေါင်းခြောက်ဆယ် ကာလအပိုင်းအခြား၏ ကျန်ရှိနေသေးသော ကာလအဖို့ အဆိုပါမြေကွက်နှင့် ပြန်လည်သိမ်းယူသည့်အချိန်တွင် ထိုမြေကွက်ပေါ်၌ တည်ရှိနေသော အဆောက်အအုံ၊ ထိုအဆောက်အအုံနှင့် အမြဲတွယ်ကပ်ထားသော ပစ္စည်းများကို လက်ရှိ ထားနိုင်စေခြင်းငှာ အငှားစာချုပ်ရသူအား ပြန်လည်ပေးအပ်ရန်။ သို့ရာတွင် မီးကြောင့်သော်လည်းကောင်း၊ အခြား အကြောင်း တစ်ခုခုကြောင့်သော်လည်းကောင်း ပျက်စီးရသည့် အဆောက်အအုံ သို့တည်းမဟုတ် ထိုအဆောက်အအုံနှင့် အမြဲတွယ်ကပ်ထားသော ပစ္စည်းများကို ပြန်လည်ပေးအပ်ရန် အငှားချထားသူ၌ တာဝန်မရှိသည့်အပြင် ယင်းသို့ ပြန်လည်သိမ်းယူ သည့်အခါက ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ အမှုထမ်းများသို့တည်းမဟုတ် ကိုယ်စားလှယ်များ၏ ဖျက်လိုဖျက်ဆီးပြုလုပ်မှုကြောင့် ဆုံးရှုံးပျက်စီးခြင်းအတွက်မှတစ်ပါး အဆိုပါမြေကွက် ပေါ်တွင် ဖြစ်စေ၊ အထဲတွင်ဖြစ်စေ တည်ရှိသော အဆောက်အအုံနှင့် အခြားပစ္စည်းများ၏ တန်ဖိုးယုတ်လျော့ခြင်း၊ ပြုပြင်မှုကင်းမဲ့ခြင်း၊ သို့တည်းမဟုတ် ပျက်ဆီးယိုယွင်းခြင်းအတွက်ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၌ တာဝန်မရှိစေရန်။

(ခ) အပိုဒ် ၂-အရ ဤစာချုပ်ကိုပယ်ဖျက်ပြီး မဟုတ်လျှင်လည်းကောင်း၊ အငှားစာချုပ်ရသူကနှစ်ပေါင်းခြောက်ဆယ် ကာလအပိုင်းအခြား ကုန်ဆုံးသည်အထိ အဆိုပါမြေငှားခကိုပြေလည်အောင် ပေးဆောင်၍ ဤစာချုပ်ပါမိမိပြုလုပ်သည့် ပဋိညာဉ်ခံ ချက်များအတိုင်း လိုက်နာဆောင်ရွက်လျှင်လည်းကောင်း အငှားစာချုပ်ရသူသည် အဆိုပါမြေကွက်ပေါ်တွင် တည်ဆောက်တွယ်ကပ် ထားသောအဆောက်အအုံများ၊ ထိုအဆောက်အအုံများနှင့် အမြဲတွယ်ကပ်ထားသော ပစ္စည်းများကို အဆိုပါကာလအပိုင်းအခြားမကုန် မီ ခြောက်လအတွင်း ဖျက်သိမ်းသယ်ယူ ခန့်ခွဲနိုင်သည်။ သို့ရာတွင် ထိုသို့ သယ်ယူခြင်းကြောင့် အဆိုပါမြေကွက်ပျက်စီးယိုယွင်းခဲ့ လျှင် ထိုမြေကွက်ကိုမူလအခြေအနေအတိုင်းရှိအောင် ပြုပြင်ပေးရန်။

(ဂ) (၂၀၂၁)ခုနှစ်၊ ဩဂုတ် လ၊ (၂၀)ရက်နေ့မှစ၍ ပထမတဆယ့်ငါးနှစ် ကုန်ဆုံး သည့် အခါ ဒုတိယတဆယ့်ငါးနှစ်အတွက် ရန်ကုန်စည်ပင်သာယာရေး မြေနည်းဥပဒေ ၂၄-အရ စည်းကြပ်သော သုံးလပတ်မြေငှားခကို လည်းကောင်း၊ ဒုတိယတဆယ့်ငါးနှစ်ကုန်ဆုံးသည့်အခါ တတိယတဆယ့်ငါးနှစ်အတွက် အဆိုပါ နည်းဥပဒေ ၂၄-အရ စည်းကြပ်သော သုံးလပတ်မြေငှားခကိုလည်းကောင်း၊ တတိယတဆယ့်ငါးနှစ်ကုန်ဆုံးသည့်အခါ စတုတ္ထတဆယ့် ငါးနှစ်အတွက် အဆိုပါနည်းဥပဒေ ၂၄-အရ စည်းကြပ်သောသုံးလပတ်မြေငှားခကိုလည်းကောင်း အငှားစာချုပ်ရသူက အငှားချထားသူအား ပေးဆောင်ရန်။ အကယ်၍ အထက်ပါနည်းလမ်းအတိုင်း မြေငှားခကိုပြန်လည်စည်းကြပ်ခြင်းမပြုလျှင် အငှားစာချုပ်ရသူသည် ဤအပိုဒ်ခွဲတွင်ပြဋ္ဌာန်းထား သည့်နည်းလမ်းအတိုင်း မြေငှားခကိုပြောင်းလဲခြင်းမပြုမီ သတ်မှတ်ထားသည့် စည်းကြပ်ဆဲသုံးလပတ်မြေငှားခကို ဆက်လက်ပေး ဆောင်ရန်။

(ဃ) ဤစာချုပ်ပါအခြားပြဋ္ဌာန်းချက်များတွင် ဆန့်ကျင်လျက်မည်သို့ပင်ပါရှိစေကာမူ ဤစာချုပ် ချုပ်ဆိုသည့်နေ့မှစ၍ ပထမနှစ်ပေါင်းသုံးဆယ်အတွင်းသတ်မှတ်ထားသော သို့တည်းမဟုတ် ပြန်လည်စည်းကြပ်သောမြေငှားခကို ပြေလည်အောင် ပေး ဆောင်ခဲ့သောကြောင့် လည်းကောင်း၊ ပြုလုပ်ထားသည့်ပဋိညာဉ်ခံချက်များကို မပျက်မကွက်လိုက်နာဆောင်ရွက်ခဲ့သောကြောင့် လည်းကောင်း သတ်မှတ်ထားသော သို့တည်းမဟုတ် ပြန်လည်စည်းကြပ်သောသုံးလပတ် မြေငှားခဖြင့်နောက်ထပ် နှစ်ပေါင်း သုံးဆယ်အတွက် ဆက်လက်၍ အဆိုပါမြေကွက်ကို ငှားရမ်း မြေငှားစာချုပ် အသစ် ချုပ်ဆိုရန် သဘောတူကြောင်း အဆိုပါ ပထမ နှစ်ပေါင်းသုံးဆယ်မပြည့်မီ အနည်းဆုံးခြောက်လကြိုတင်၍ အငှားရသူက အငှားချထားသူအား စာဖြင့် အကြောင်းကြား ရမည်။ အကြောင်းကြားစာနှင့်အတူ ပထမမြေငှားစာချုပ်ကိုပေးအပ်လျှင် ထိုအကြောင်းကြားစာရရှိသည့်နေ့မှ ခြောက်လ အတွင်းနောင် နှစ်ပေါင်းသုံးဆယ်အတွက် ပထမမြေငှားစာချုပ်ပါ ပဋိညာဉ်ခံချက်များနှင့်ဖြစ်နိုင်သမျှ တူညီသည့် ပဋိညာဉ် ခံချက်များပါရှိသည့် မြေငှားစာချုပ် အသစ်ကို အငှားစာချုပ်ရသူ၏ စရိတ်ဖြင့် အငှားချထားသူကထုတ်ပေးရန်။ အကယ်၍ မြေငှားခကို

ဤစာချုပ်ပါစကားရပ်များကို သိရှိနားလည်ကြပြီးဖြစ်သဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးတို့ရှေ့တွင် ဦးစီးဌာနတံဆိပ်ကိုခပ်နှိပ်၍ အဆိုပါညွှန်ကြားရေးမှူးချုပ်နှင့်အဆိုပါ THEMIS INDUSTRIAL COMPANY LTD; သည် ဤစာချုပ်ကိုအထက်၌ ဖော်ပြခဲ့သည့်နေ့တွင် လက်မှတ် ရေးထိုးကြကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန

မြို့-ရန်ကုန်

တံဆိပ်ကို ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်း — ညွှန်ကြားရေးမှူးချုပ်

ဒုတိယညွှန်ကြားရေးမှူးချုပ် — ဒုတိယညွှန်ကြားရေးမှူးချုပ်

နှင့် ညွှန်ကြားရေးမှူး ဦးကျော်လင်းနိုင် တို့
ရှေ့မှောက်၌ ခပ်နှိပ်၍ အဆိုပါ
ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်
ညွှန်ကြားရေးမှူးတို့လက်မှတ် ရေးထိုးသည်။

ညွှန်ကြားရေးမှူး

အသိသက်သေ။

ဒုတိယညွှန်ကြားရေးမှူး (မြေနှင့်အခွန်) **ဦးကျော်ဝင်း**

အငှားစာချုပ်ရသူ THEMIS INDUSTRIAL COMPANY LTD;
လက်မှတ်ရေးထိုးသည်။

အငှားစာချုပ်ရသူ

Sit Taing Aung
Director
Themis Industrial Co., Ltd.

အသိသက်သေ။

၁။ [illegible]

၂။

ဦး[illegible]
မြို့နှင့်မြေစာရင်းဌာနခွဲ (ရုံးချုပ်)
မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အထက်တွင် ရည်ညွှန်းထားသည့် ဖယား [illegible] ညွှန်ကြားရေးမှူး
မြို့နှင့်မြေစာရင်းဌာနခွဲ (ရုံးချုပ်)

ခွင့်ပြုပြီး မြေပုံဖြစ်သော လူနေရပ်ကွက်အမှတ် စက်မှုဇုန်အပိုင်း (၄)
မြေတိုင်းရပ်ကွက်အမှတ် ၆၅ (စက်မှု)
ရန်ကုန်မြို့ လှိုင်သာယာ မြို့နယ်။
အတွင်းရှိ ________ တန်းစား၊ မြေကွက်အမှတ် ၆၆၊ ၆၇
ဖြစ်သည်။ ပူးတွဲပါ မြေပုံ၌ မင်နီဖြင့် ပြထားသော အလျား ၂၂၂+၂၂၁' / ၂၂၄+၂၂၄' ပေ၊ အနံ ၄၀၀' ပေခန့်ရှိသော အလား အလာ
အရှေ့လားသော် မြေကွက်အမှတ် ၆၈
အနောက်လားသော် ဆိပ်ကမ်းသာလမ်း
တောင်လားသော် [illegible]
မြောက်လားသော် မြေကွက်အမှတ် ၆၅
အတွင်းရှိ မြေအားလုံး ဧရိယာ ၄.၀၈၁ ဧက၊ (စတုရန်းပေ ၁၇၇၇၆၈)


မူရင်း

ရန် ကုန် မြို့ တော်

အိုး အိမ် ပုံ စံ
အက်စ် - ၂၂

ရွှေပြည်သာ ------ မြို့နယ်၊ လူနေရပ်ကွက် ဆက်မှုဇုန်အပိုင်း (၄) ----
မြေတိုင်းရပ်ကွက်အမှတ် ၆၅ (စက်မှု) မှ မြေကွက်အမှတ် ၆၆၊ ၆၇ ၏မြေပုံ

၁ လက်မလျှင် ၂၀၀ ပေစကေး





ရည် ညွှန်း ချက်

[redacted] ------ ဧရိယာ စတုရန်းပေ ------ ၁၇၇၇၆၈ --------
ဧက ------ ၄.၀၈၁ ----------

မြေတိုင်း(၄) မြေတိုင်း(၃) မြေတိုင်း(၂)

ဒုတိယညွှန်ကြားရေးမှူး
မြေတိုင်းဌာနခွဲ
မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

841,850,000

ပြည်ထောင်စုမြန်မာနိုင်ငံတော်
UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၆ ကျပ် ငွေခြောက်ကျပ် K 6

"မြေနှင့် အဆောက်အဦးအရောင်းအဝယ် စရံပေးကတိစာချုပ်"

ရောင်းသူ ။ ။ THEMIS INDUSTRIAL COMPANY LIMITED.
ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၈၀၉/၁၉၉၇-၁၉၉၈
(THEMIS INDUSTRIAL COMPANY LIMITED. ၏ကိုယ်စားဒါရိုက်တာဖြစ်သူ ဦးစစ်တိုင်းအောင် (၁၂/ရကန (နိုင်) ၀၀၆၂၁၃)က (၇ -၄-၂၀၀၉)ရက်နေ့ ဒါရိုက်တာအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ ကိုယ်စားလက်မှတ်ရေးထိုးပါသည်။)
အမှတ်(၁၅၁/ဘီ)၊ သီရိမင်္ဂလာလမ်း၊ ၈-မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဝယ်ယူသူ ။ ။ ဦးစိန်မြင့်
၁၃/ကမန (နိုင်) ၀၀၉၉၃၉
အမှတ်-(၄/အီး)၊ မြကန်သာဥယျာဉ်အိမ်ရာ
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

(အထက်ပါ ရောင်းသူနှင့်ဝယ်ယူသူဟူသောဝေါဟာရတို့တွင် အထက်အမည်ပါသူတို့နှင့်တကွ ၎င်းတို့၏ အစုရှယ်ယာဝင်များ၊ ကိုယ်စားလှယ်များ၊ အမွေဆက်ခံခွင့်ရှိသူများ ပါဝင်သည်ဟုမှတ်ယူရမည်။)

ရန်ကုန်မြို့၌ ၂၀၀၉ခုနှစ်၊ ဧပြီလ (၇)ရက်နေ့တွင် အထက်ပါရောင်းသူနှင့် ဝယ်ယူသူတို့က အောက်ပါအတိုင်း ဤကတိစာချုပ်ကို နှစ်ဘက်သဘောတူ လက်မှတ်ရေးထိုးချုပ်ဆိုကြသည်မှာ-

၁။ အထက်အမည်ပါရောင်းသူသည် အောက်ပစ္စည်းဇယားရှိ ပစ္စည်းများကို အမည်ပေါက်ပိုင်ဆိုင်လျက်ရှိကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း တာဝန်ယူသည့်အပြင် ဝယ်ယူသူသို့ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ငွေကျပ်-၈၀၀၀၀၀၀၀၀ိ/-(ကျပ်သိန်းရှစ်ထောင်တိတိ)ဖြင့် အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းလာပါသည်။

၂။ ဝယ်ယူသူကလည်း ရောင်းသူ၏ကမ်းလှမ်းခြင်းသည် သဘောရိုးဖြင့် ကမ်းလှမ်းခြင်းဖြစ်သည်ဟု ယုံကြည်ပါသဖြင့် အဆိုပါတန်ဖိုးဖြင့်ပင် ဝယ်ယူရန် သဘောတူညီပါသည်။

၃။ ဤစာချုပ်က သက်သေခံသည်မှာ-

(က) ယနေ့၌ဝယ်ယူသူက စရံငွေအဖြစ်ပေးချေသည့် ငွေကျပ်-၂၀၀၀၀၀၀၀၀ိ/-(ကျပ်သိန်းနှစ်ထောင်တိတိ)ကို ရောင်းသူမှ လက်ခံရရှိပါသည်။

(ခ) (၇-၅-၂၀၀၉) ရက်နေ့ (သို့မဟုတ်) ထိုနေ့မတိုင်မီတွင် ဒုတိယအရစ်အဖြစ် ငွေကျပ်-၂၀၀၀၀၀၀၀၀ိ/-(ငွေကျပ်သိန်းနှစ်ထောင်တိတိ)ကို ထပ်မံပေးချေရန်နှင့် လက်ခံရန် နှစ်ဖက်သဘောတူညီပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၆ ကျပ် ငွေခြောက်ကျပ် K 6

(ဂ) (၇-၅-၂၀၀၉)ရက်နေ့ (သို့မဟုတ်) ထိုနေ့မတိုင်မီတွင် တတိယအရစ်အဖြစ် ငွေကျပ်-၂၀၀၀၀၀၀၀၀ိ/- (ငွေကျပ်သိန်းနှစ်ထောင်တိတိ)ကို ထပ်မံပေးချေရန်နှင့် လက်ခံရန် နှစ်ဖက်သဘောတူညီပါသည်။

(ဃ) (၇-၇-၂၀၀၉)ရက်နေ့ (သို့မဟုတ်) ထိုနေ့မတိုင်မီတွင် စတုတ္ထအရစ်အဖြစ် ငွေကျပ်-၂၀၀၀၀၀၀၀၀ိ/- (ငွေကျပ်သိန်းနှစ်ထောင်တိတိ)ကို ထပ်မံပေးချေရန်နှင့် လက်ခံရန် နှစ်ဖက်သဘောတူညီပါသည်။

၄။ ဝယ်ယူသူမှ ငွေအပြည့်ပေးချေသည့်နေ့တွင်ပင် အောက်ပစ္စည်းဇယားရှိပစ္စည်းများနှင့် စာရွက်စာတမ်းမူရင်းများကို လူနေမှုအလွတ်လက်ရောက်ပေးအပ်ရန်နှင့် စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် တရားဝင်အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးရန် ရောင်းသူမှတာဝန်ယူပါသည်။ ထို့နောက် ဝယ်ယူသူအမည်ပေါက်ပိုင်ဆိုင်သည့်တိုင်အောင် လိုအပ်လျက်ရှိသော ကိစ္စရပ်များကို ရောင်းသူမှလုပ်ကိုင်ဆောင်ရွက်ပေးရန် သဘောတူပါသည်။

၅။ ရောင်းသူက အောက်ပစ္စည်းဇယားနှင့်ပတ်သက်၍ ရောင်းချရန်မှတ်ချက်ဖြင့် မြေပုံမြေရာဇဝင်တို့ကို ဝယ်ယူသူမှ ဒုတိယအရစ်ငွေပေးချေပြီးသည့်အချိန်တွင် ရရှိအောင်ဆောင်ရွက်ထားရန်နှင့် ဘဏ်ချေးငွေကိုအပြေအကျေပေးဆပ်ထားရန် ရောင်းသူမှ တာဝန်ယူပါသည်။


၆။ ရောင်းသူက အောက်ပစ္စည်းဇယားရှိပစ္စည်းများသည် အရှုပ်အရှင်းကင်းရှင်းကြောင်းတာဝန်ယူသည့်အပြင် အရှုပ်အရှင်းတစ်စုံတစ်ရာပေါ်ပေါက်လာပါက ရောင်းသူ၏ကုန်ကျစရိတ်ဖြင့် ပြီးပြတ်ပြေလည်သည့်တိုင်အောင် ဖြေရှင်းပေးရန် ရောင်းသူမှ တာဝန်ယူပါသည်။

၇။ အကယ်၍ ဝယ်ယူသူဘက်မှပျက်ကွက်ခဲ့လျှင် ပေးချေထားသောငွေများအဆုံးခံရန်နှင့် ရောင်းသူဘက်မှ ပျက်ကွက်ခဲ့လျှင် ပေးချေထားသော ငွေများ၏နှစ်ဆကိုပေးလျော်ရန် နှစ်ဘက်သဘောတူညီပါသည်။


<u>ရည်ညွှန်းသည့်ပစ္စည်းဇယား</u>

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၅(စက်မှု)၊ လူနေရပ်ကွက် အမှတ်-စက်မှုဇုန်အပိုင်း-၄၊ မြေကွက်အမှတ်-(၆၆)(၆၇)၊ ဧရိယာ(၄.၀၈၁)ဧက အကျယ်ရှိ ဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးများ၊ တယ်လီဖုန်း၊ 500 KV (Transformer)၊ ဗဲသန့်စင်စက်၊ ပျဉ်းကတိုးစားပွဲအလုံး-၃၀၀(Pellet) အပါအဝင် မရွှေ့မပြောင်းနိုင်သောပစ္စည်းများအားလုံးနှင့် ယင်းတို့နှင့် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။


Asia □urifi□□Drinkin□□at□r Factory Layout (Down Stair)




Asia Purified Drinking Water Factory Layout Plan



Asia Soft Drink Factory Layout (Down Stair)



Asia Soft Drink Factory Layout (□□Stair)



Fire e□ting□is□er □□pcs□

Fire alarm □□pc□

Pest □ontrol □□pcs□

H□man


Asia Soft Drink □ar□□ous□Layout



Fire □ose □□pcs□

Fire alarm □□pc□

Asia Soft Drink Factory Fire Hydrant Pipeline Diagram




Water Tank 11,880gallon

Pump 7.5kw x 2Nos

Fire Hose (25mm x30m)x5Nos

Asia Soft Drink Factory Layout Plan



ပုံ(၁) EABC Yangon Factory ရှေ့အဝင်ပေါက်ပုံ(တောင်ဘက်)



ပုံ(၂) EABC Yangon Factory ရှေ့အဝင်ပေါက်ဘယ်ဘက်ခြမ်း(တောင်ဘက်)



ပုံ(၃) EABC Yangon Factory ရှေ့အဝင်ပေါက်ညာဘက်ခြမ်း(တောင်ဘက်)



ပုံ(၄) EABC Yangon Factory ဘေးဖက်အဝင်ပေါက်ပုံ(အနောက်ဘက်)



ပုံ(၅) EABC Yangon Factory ဘေးဘက်အဝင်ပေါက်ဘယ်ဘက်ခြမ်း(အနောက်ဘက်)



ပုံ(၆) EABC Yangon Factory ဘေးဘက်အဝင်ပေါက်ညာဘက်ခြမ်း(အနောက်ဘက်)



ပုံ(၇) EABC Yangon Factory အရှေ့ပေါက်နှင့်ဘေးပေါက်ထောင့်(အနောက်တောင်ဘက်)



ပုံ(၈) EABC Yangon Factory ဘေးဘက်အဝင်ပေါက်ဘယ်ဘက်အနောက်ခြမ်း(အနောက်ဘက်)




Annex: 2.11(C)

Measurement of Building Structure

No	Description	Unit	အလျား	အနံ	အမြင့်	Type
1	Asia Soft Drink Fty	Ft	295	160	40	Steel Structure
2	Asia Purified Fty	Ft	380	120	35	Steel structure

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်းဒေသကြီးအစိုးရ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
စီမံရေးရာဌာန

0075473



၂၈၂၄၂၀၁၃

(၂၀၁၈) နှစ် လုပ်ငန်းလိုင်စင်

(စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံသုံးစွဲရန် အထောက်အကူပစ္စည်းထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ တည်ခင်းခြင်း၊ ဖြန့်ဖြူးခြင်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ အခြားလုပ်ငန်း)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံခန့်ခွဲရေးဆိုင်ရာနည်းဥပဒေအခန်း (၂)၊ နည်းဥပဒေ ၃ (ဈ)အရ အောက်အမည်ပါသူတို့အား လိုင်စင်နှုန်း ၄၀၀၀၀၀/- စာဖြင့် (လေးသိန်းတိတိ) ပေးသွင်းစေပြီး အင်းစိန် မြို့နယ်၊ စက်မှုဇုန်-၄ ရပ်ကွက်၊ ကနောင်မင်းသားကြီး လမ်း၊ အမှတ် ၆၆/၆၇ ၊ အခန်းအမှတ် တွင် Asia အမည်ပါ သောက်ရေသန့် ဆိုင်/လုပ်ငန်းအား လုပ်ကိုင်ခွင့်ပြု၍ ဤလုပ်ငန်းလိုင်စင်ကို ထုတ်ပေးလိုက်သည်။

လိုင်စင်ခွင့်ပြုချက်ရရှိသူ

စဉ်	အမည်	နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်	လိပ်စာ
၁။	ဦးစိန်မြင့်	၁၃/ကခန(နိုင်)၀၀၉၉၃၉	၆၆/၆၇၊ ကနောင်မင်းသားကြီးလမ်း၊ စက်မှုဇုန်(၄)ရပ်ကွက်၊ အင်းစိန်
၂။			
၃။			
၄။			
၅။			

ဤလုပ်ငန်းလိုင်စင်သည် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်နေ့တွင် သက်တမ်းကုန်ဆုံးသည်။
ဤလုပ်ငန်းလိုင်စင်အား မြင်သာထင်ရှားသောနေရာတွင် မှန်ဘောင်ဖြင့် ချိတ်ဆွဲထားရမည်။
လိုင်စင်အမှတ်
အင်းစိန်
မြို့နယ်

ဌာနမှူး

လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူလိုက်နာရန် စည်းကမ်းချက် ညွှန်ကြားချက်များ

၁။ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် လုပ်ငန်းတည်နေရာ ပတ်ဝန်းကျင်ရှိ အများပြည်သူအား လုပ်ငန်းနှင့်ပတ်သက်၍ အနှောင့်အယှက် တစ်စုံတစ်ရာ မဖြစ်ပေါ်စေရ။ လုပ်ငန်းကို ခွင့်ပြုသည့် ဥပစာအတွင်း၌သာ ဆောင်ရွက်ရမည်။

၂။ လုပ်ငန်းလိုင်စင်သည် ပိုင်ဆိုင်မှု အရှုပ်အရှင်း ပုဂ္ဂိုလ်ရေးအရ ကန့်ကွက်မှုများနှင့် မသက်ဆိုင်စေရ။

၃။ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များ အုပ်ချုပ်ရေးအဖွဲ့ အစည်းများ၏ အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်များနှင့် ဝန်ကြီးဌာန အသီးသီးက ထုတ်ပြန်သည့် အမိန့်ညွှန်ကြား ချက်များ၊ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများကို တိကျစွာ လိုက်နာရမည်။

၄။ ဝန်ကြီးဌာနနှင့် အုပ်ချုပ်ရေးအဖွဲ့ အစည်းအသီးသီး၏ ဥပဒေပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်သည့် လုပ်ငန်းများ လုပ်ကိုင်ခြင်း အတွက် ယင်းဌာနနှင့် အဖွဲ့ အစည်းများ၏ မှတ်ပုံတင်/ခွင့်ပြုချက်ကို လက်ဝယ်ရယူထားရမည်။

၅။ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် ကော်မတီက ညွှန်ကြားသည့် သောက်/သုံးရေထားရှိမှု အစီအမံများ၊ သန့်ရှင်းရေးဆောင်ရွက်ရန် အတွက် အစီအမံများ၊ အညစ်အကြေးစွန့်ပစ်မှုနှင့် ပတ်ဝန်းကျင်ထိခိုက်မှုမဖြစ်စေရေး အစီအမံများ၊ မြို့တော်သာယာလှပရေးနှင့် လုံခြုံရေးအတွက် အစီအမံများ၊ အလုပ်သမားများ/လာရောက်ရောင်းဝယ်သူများအတွက် ကျန်းမာမှုနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အစီအမံများ၊ ယာဉ်/လူသွားလမ်းပိတ်ဆို့မှုမရှိစေရေးအစီအမံများ၊ မီးဘေးကြိုတင်ကာကွယ်ရေး အစီအမံများကို ထားရှိ၍ တိကျ စွာ လိုက်နာရမည်။

